### ပန်းတိုင် ၄။ ကလေးသေဆုံးမှုလျှော့ချရန်

| | ၂၀၀၅ | ၂၀၁၀ |
|---|---|---|
| ၄.၃ ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီးသော အသက် (၁)နှစ်အရွယ် ကလေးဦးရေ အချိုး (%) | ၈၀.၃ | ၈၂.၃ |

### ပန်းတိုင် ၅။ သားဖွားမိခင်ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေရန်

| | ၂၀၀၅ | ၂၀၁၀ |
|---|---|---|
| ၅.၂ ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက်မွေးဖွားမှု အချိုး (%) | ၇၂.၅ | ၇၇.၉ |
| ၅.၃ ပဋိသန္ဓေ တားဆီးမှု ပျံ့နှံ့နှုန်း (%) | - | ၃၉.၅ |
| ၅.၅ ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေး စောင့်ရှောက်ခြင်း၏ လွှမ်းခြုံမှု (အနည်းဆုံး တစ်ခါ) (%) | ၈၂.၅ | ၈၃.၃ |
| ၅.၆ မိသားစုစီမံကိန်း (မိသားစုအရွယ်စီမံချက်) ကို လိုအပ်သည့်အတိုင်း မဖြည့်ဆည်းနိုင်မှု (%) | - | ၂၄.၂ |

### ပန်းတိုင် ၆။ HIV/AIDS ငှက်ဖျားနှင့် အခြားရောဂါများကို နှိမ်နင်းရန်

| | ၂၀၀၅ | ၂၀၁၀ |
|---|---|---|
| ၆.၃ အသက် (၁၅-၂၄)နှစ်အရွယ် လူဦးရေ၏ HIV/AIDS အကြောင်း ကျယ်ပြန့်မှန်ကန်သော အသိပညာရှိသူ အချိုး (%) | - | ၉၂.၁ |
| ၆.၄ ကျောင်းတက်နေသော အသက် (၁၀-၁၄) နှစ်အရွယ် မိဘမဲ့သူနှင့် မိဘရှိသူ ကလေးဦးရေ အချိုး (%) | - | ၀.၇ |
| ၆.၇ ဆေးစိမ်ခြင်ထောင်များဖြင့် အိပ်သော အသက် (၅) နှစ်အောက် ကလေးဦးရေ အချိုး (%) | - | ၁၁.၁ |

### ပန်းတိုင် ၇။ သဘာဝ ပတ်ဝန်းကျင် ရေရှည်တည်တံ့မှုကို မုချသေချာစေရန်

| | ၂၀၀၅ | ၂၀၁၀ |
|---|---|---|
| ၇.၈ ကောင်းမွန်သည့် သောက်ရေဇာစ်မြစ်အား အသုံးပြုလျက်ရှိသည့် လူဦးရေ အချိုး (%) | ၆၂.၆ | ၆၉.၄ |
| ၇.၉ ကောင်းမွန်သည့် အညစ်အကြေးသန့်ရှင်းရေးစနစ်အား အသုံးပြုလျက်ရှိသည့် လူဦးရေ အချိုး (%) | ၆၇.၃ | ၇၉.၀ |
| ၇.၁၀ ဆင်းရဲသားရပ်ကွက်များတွင် နေထိုင်ကြသည့် မြို့ပြ လူဦးရေ အချိုး (%) | - | ၆၅.၃ |

UNDP Myanmar
No.6, Natmauk Road, (P.O. Box 650)
Yangon, 11211, Myanmar
Phone: +95 1 542910 ~ 19
Email: registry.mm@undp.org
Website: http://www.mm.undp.org

## ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ဆင်းရဲနွမ်းပါးခြင်းပြမြေပုံ (၂၀၁၀)




# မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း









Sida unicef UNDP
၂၀၁၁ ခုနှစ်၊ ဇွန်လ

## အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း

အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု (IHLCA) စစ်တမ်းသည် တစ်နိုင်ငံလုံး လွှမ်းခြုံသည့် စစ်တမ်းတစ်ရပ် ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု အဆင့်များ၊ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေများနှင့် မြန်မာနိုင်ငံအတွက် ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင်ဆိုင်ရာ ညွှန်ကိန်းများကို စိစစ်နိုင်ရန် အချက်အလက်များ ကောက်ယူ စုစည်းပေးပါသည်။ IHLCA စစ်တမ်းမှာ အစဦးအနေဖြင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) နှင့် အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတို့ ပူးပေါင်း ဆောင်ရွက်သည့် လုပ်ငန်း စီမံကိန်းတစ်ခု ဖြစ်သော်လည်း IHLCA-II စစ်တမ်း ကောက်ယူသည့်အခါ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေ အဖွဲ့(UNICEF) နှင့် ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (Sida) တို့လည်း ပါဝင် ပူးပေါင်း ဆောင်ရွက်ခဲ့ကြပါသည်။

ပထမအကြိမ် IHLCA စစ်တမ်းကို ၂၀၀၄ – ၂၀၀၅ ခုနှစ်တွင် ကောက်ယူခဲ့ပြီး မြန်မာနိုင်ငံ အတွက် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ခန့်မှန်းခြေများကို တွက်ချက်ပေးနိုင်ခဲ့ပါသည်။ ဒုတိယ အကြိမ် IHLCA စစ်တမ်းကို ၂၀၀၉ – ၂၀၁၀ ပြည့်နှစ်အတွင်း ကောက်ယူခဲ့ပါသည်။ ဒုတိယအကြိမ် IHLCA စစ်တမ်းသည် မဖော်ထုတ်ရသေးသော ဖွံ့ဖြိုးမှုဆိုင်ရာ အချက် အလက် နယ်ပယ်များအတွင်း အလေးထား စူးစမ်းလေ့လာပြီး ကျား၊ မ ဆိုင်ရာ MDG ညွှန်ကိန်းများကို ပံ့ပိုး ပေးခဲ့ပါသည်။ UNDP သည် UNICEF၊ ကမ္ဘာ့ဘဏ် (World Bank) နှင့် Statistics Sweden တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ယင်းအဖွဲ့အစည်းများကလည်း စစ်တမ်းဒီဇိုင်း၊ စစ်တမ်းကိရိယာများနှင့် ဆန်းစစ်မှုတို့အတွက် နည်းပညာဆိုင်ရာ အကူအညီ များ ပံ့ပိုး ပေးခဲ့ပါသည်။

IHLCA-II စစ်တမ်းသည် နိုင်ငံတော် အစိုးရ၊ UNDP နှင့် အခြား ကုလသမဂ္ဂဆိုင်ရာ အေဂျင်စီများ၊ INGO ၊ NGO နှင့် အခြား ပါဝင်ပတ်သက်သည့် အဖွဲ့အစည်းများအားလုံး၏ ဆင်းရဲနွမ်းပါးမှုလျော့ချရန် ကြိုးပမ်းအားထုတ်မှုများ ခိုင်မာလာစေရန်နှင့် သိရှိစေရန် အခွင့် အလမ်းတစ်ရပ်ကို ဖော်ထုတ် ပေးပါသည်။

## ဆင်းရဲနွမ်းပါးမှုအခြေအနေအစီရင်ခံစာ

"ဆင်းရဲနွမ်းပါးမှု အခြေအနေ" အစီရင်ခံစာက IHLCA-II စစ်တမ်းမှ ရွေးချယ်ထားသည့် စစ်တမ်းရလဒ်များကို တင်ပြရာတွင် ဆင်းရဲနွမ်းပါးမှုနှင့် ၎င်း၏ ဆက်စပ်မှုများအား အလေး ပေးပြီး တင်ပြထားပါသည်။ ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေနှင့် အညစ်အကြေး သန့်ရှင်းရေးစနစ် စသည်တို့ အပါအဝင် စားဝတ်နေရေး အတိုင်းအတာ အခြေအနေများအား လေ့လာ ဖော်ပြထားသည့် စစ်တမ်း၏ အရင်းခံ မျှော်မှန်းချက်မှာ ဖွံ့ဖြိုးမှု စီမံကိန်း ရေးဆွဲခြင်းနှင့် မူဝါဒချမှတ်ခြင်းများအတွက် ရည်ရွယ်ပြီး လူနေမှုဘဝ ပြည့်စုံဖူလုံမှုဆိုင်ရာ အဓိက ညွှန်ကိန်း များ၏ အဆင့်နှင့် အလားအလာများ၊ ၎င်းတို့၏ ဆက်စပ်မှုများအတွက် သတင်း အချက် အလက်ကို ပံ့ပိုး ပေးရန် ဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးမှု အခြေအနေ အစီရင်ခံစာက လေ့လာ ဖော်ပြထားသည်မှာ –

(၁) ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှု
(၂) အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ
(၃) အိမ်ထောင်စုများ၏ စီးပွားရေးဆိုင်ရာလုပ်ဆောင်ချက်များ
(၄) လုပ်သား ဈေးကွက်
(၅) အိုးအိမ်၊ သောက်သုံးရေနှင့် အညစ်အကြေး သန့်ရှင်းရေးစနစ်
(၆) ကျန်းမာရေးနှင့် အာဟာရ နှင့်
(၇) ပညာရေး

တို့ဖြစ်ပါသည်။

### ရွေးချယ်ထားသော ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ညွှန်ကိန်းများ

| | ၂၀၀၅ | ၂၀၁၀ |
|---|---|---|
| ဆင်းရဲနွမ်းပါးမှုမျဉ်းများ (ကျပ်) | | |
| အစားအစာဆင်းရဲချို့တဲ့မှု ပြမျဉ်း | ၁၁၈၄၀၂ | ၂၇၄၉၉၀ |
| ဆင်းရဲနွမ်းပါးမှုပြမျဉ်း | ၁၆၂၁၃၆ | ၃၇၆၁၅၁ |
| ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု (%) | | |
| အစားအစာဆင်းရဲချို့တဲ့ခြင်းဖြစ်မှု | ၉.၆ | ၄.၈ |
| ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု | ၃၂ | ၂၆ |
| ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း | | |
| တာရှည်ဆင်းရဲသူ (%) | - | ၁၀.၀ |
| ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း | | |
| ဆင်းရဲသွားသူ (%) | - | ၁၁.၃ |
| လွတ်မြောက်သူ (%) | - | ၁၆.၅ |
| မဆင်းရဲသူ (%) | - | ၆၂.၁ |
| အရည်အသွေးကောင်းမွန်သည့် အိမ်အမိုးရှိမှု (%) | ၄၄.၁ | ၅၂.၉ |
| အသေးစားပစ္စည်းပိုင်ဆိုင်မှု (%) | | |
| ရုပ်မြင်သံကြား | ၂၅.၅ | ၃၉.၇ |
| ရေဒီယို၊ ကက်ဆက် / စတီရီယို | ၂၇.၅ | ၃၇.၅ |
| စက်ဘီး | ၄၁.၅ | ၄၄.၃ |
| မော်တော်ဆိုင်ကယ် | ၉.၇ | ၂၄.၂ |

### လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများနှင့် စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များ

| | ၂၀၀၅ | ၂၀၁၀ |
|---|---|---|
| အိမ်ထောင်စုအရွယ် | ၅.၂ | ၅.၀ |
| လူဦးရေဆိုင်ရာ မှီခိုမှုအချိုး (DDR) | ၀.၆ | ၀.၅ |
| စီးပွားရေးအရမှီခိုမှုအချိုး (EDR) | ၀.၇ | ၀.၇ |
| ပျမ်းမျှ လယ်ယာစိုက်ပျိုးမြေ (ဧက) | ၆.၁ | ၆.၇ |
| လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ မြေယာမဲ့နှုန်း (%) | ၂၅.၇ | ၂၃.၆ |
| စိုက်ပျိုးစရိတ်ချေးငွေအား လက်လှမ်းမီရရှိမှု (%) | ၃၈.၁ | ၃၃.၀ |
| စိုက်ပျိုးရေးမဟုတ်သည့်လုပ်ငန်းများအတွက် ချေးငွေအား လက်လှမ်းမီရရှိမှု (%) | ၁၅.၀ | ၁၁.၁ |

## MDG ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင် အချက်အလက်အစီရင်ခံစာ

MDG အချက်အလက် အစီရင်ခံစာသည် IHLCA-II စစ်တမ်းမှ ရွေးချယ်ထားသော MDG ညွှန်ကိန်းများဆိုင်ရာ အချက်အလက်ကို တင်ပြခြင်း ဖြစ်ပါသည်။ အစီရင်ခံစာ၏ အရင်းခံ မျှော်မှန်းချက်မှာ ဖွံ့ဖြိုးမှု စီမံကိန်း ရေးဆွဲခြင်းနှင့် မူဝါဒ ချမှတ်ခြင်းများအတွက် ရည်ရွယ်ပြီး ယင်းညွှန်ကိန်းများ၏ အဆင့်နှင့် ဖြစ်နိုင်သမျှ အလားအလာများ ဆိုင်ရာ သတင်း အချက်အလက်ကို ပံ့ပိုးပေးရန် ဖြစ်ပါသည်။ မူလ 'စံ' ထား ပြုစုရမည့် MDG အစီရင်ခံစာ နှင့် ကွာခြားချက်မှာ ဤအစီရင်ခံစာသည် IHLCA-II စစ်တမ်း အချက်အလက် ကိုသာ လုံးဝ အခြေပြုထားပြီး IHLCA-II စစ်တမ်း အချက်အလက်ကိုသာ အခြေခံ တွက်ချက်နိုင်သည့် MDG ညွှန်ကိန်းများကိုသာ လွှမ်းခြုံဖော်ပြထားခြင်း ဖြစ်ပါသည်။ MDG အချက်အလက် အစီရင်ခံစာသည် MDG ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင် (၇)ခု နှင့် ပတ်သက်သည့် အချက် အလက်များကို တင်ပြထားပါသည်။ ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင် (၇)ခု မှာ (၁) ဆင်းရဲနွမ်းပါးမှု နှင့်ငတ်မွတ်မှု၊ (၂) မူလတန်းပညာရေး၊ (၃) ကျား၊မ တန်းတူညီမျှမှု၊ (၄) ကလေးသေဆုံးမှုနှုန်း၊ (၅) သားဖွားမိခင် ကျန်းမာရေး၊ (၆) HIV/AIDS၊ ငှက်ဖျားရောဂါနှင့် အခြားရောဂါများနှင့် (၇) သဘာဝပတ်ဝန်းကျင် ရေရှည် တည်တန့်ရေးတို့ ဖြစ်ပါသည်။

## ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း ဆိုင်ရာ အစီအရင်ခံစာ

ဆင်းရဲနွမ်းပါးမှု ရွေ့လျား ပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာသည် အိမ်ထောင်စုများ ဆင်းရဲ သွားခြင်းနှင့် ဆင်းရဲခြင်းမှ လွတ်မြောက်ခြင်း၏ ရွေ့လျားစီးဆင်းမှုကို တင်ပြထားခြင်းဖြစ်၍ အချိန်ကာလတစ်ရပ် သို့မဟုတ် အချိန်မှတ် ကာလများအတွင်း ဆင်းရဲနွမ်းပါးသူ အရေ အတွက်ကိုသာ ဖော်ပြထားသည့် အစီရင်ခံစာ မဟုတ်ပါ။ ဆင်းရဲသွားသူများနှင့် ဆင်းရဲခြင်း မှ လွတ်မြောက်သူများ၏ သွင်ပြင် လက္ခဏာများကိုလည်း တင်ပြထားပါသည်။ အစီရင်ခံစာ၏ သတင်း အချက်အလက်များမှာ သက်ဆိုင်ပတ်သက်သူ အားလုံးအတွက် ဆင်းရဲနွမ်းပါးမှု လျော့ချရေး မဟာဗျူဟာများ ရေးဆွဲရန် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

### ပန်းတိုင် ၁။ အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်မှု လုံးဝပပျောက်စေရန်

| | ၂၀၀၅ | ၂၀၁၀ |
|---|---|---|
| ၁.၁ အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု (%) | ၃၂ | ၂၆ |
| ၁.၂ ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး | ၀.၀၆၄ | ၀.၀၄၁ |
| ၁.၃ စုစုပေါင်းသုံးစွဲမှုတွင် အဆင်းရဲဆုံးအိမ်ထောင်စု ငါးစိတ်တစ်စိတ်၏ ပါဝင်မှုအချိုး (%) | ၁၁.၁ | ၁၂.၀ |
| ၁.၅ အလုပ်အကိုင်ရှိသူနှင့် လူဦးရေအချိုး (%) | ၅၄.၃ | ၅၇.၁ |
| ၁.၆ အမျိုးသားဆင်းရဲနွမ်းပါးမှု ပြမျဉ်းအောက် စားဝတ် နေထိုင်လျက်ရှိသည့် အလုပ်လုပ်သူအချိုး (%) | ၃၂.၃ | ၂၅.၅ |
| ၁.၇ အလုပ်အကိုင်ရှိသူများအနက် ကိုယ်ပိုင်လုပ်ငန်းလုပ် သူနှင့် မိသားစုမှ ပါဝင်လုပ်ကိုင်သူအချိုး (%) | ၅၁.၈ | ၅၄.၃ |
| ၁.၈ အသင့်အတင့် ပုံမှန်ကိုယ်အလေးချိန် မပြည့်သော အသက်၅နှစ်အောက် ကလေးပျံ့နှံ့မှု (%) | ၃၄.၃ | ၃၂.၀ |
| ၁.၉ အစားအစာမှ အာဟာရစွမ်းအင်ရရှိရန် အနိမ့်ဆုံး အဆင့် စားသုံးမှုအောက်ရှိသည့် လူဦးရေ အချိုး (%) | ၁၀ | ၅ |

### ပန်းတိုင် ၂။ ကမ္ဘာအနှံ့ မူလတန်းပညာ တတ်မြောက်စေရန်

| | ၂၀၀၅ | ၂၀၁၀ |
|---|---|---|
| ၂.၁ မူလတန်းပညာအဆင့် အသားတင်ကျောင်းဝင်နှုန်း (%) | ၈၄.၇ | ၈၇.၇ |
| ၂.၃ အသက် (၁၅ – ၂၄)နှစ် အရွယ်ရှိသူ အမျိုးသမီးနှင့် အမျိုးသားများ၏ စာတတ်မြောက်မှုနှုန်း (%) | ၉၁.၉ | ၉၅.၈ |

### ပန်းတိုင် ၃။ ကျား၊ မ တန်းတူညီမျှရေးအား မြှင့်တင်၍ အမျိုးသမီးများအား ဆောင်ရွက်ပိုင်ခွင့် ရရှိစေရန်

| | ၂၀၀၅ | ၂၀၁၀ |
|---|---|---|
| ၃.၁(က) မူလတန်းပညာရေးတွင် မိန်းကလေးနှင့် ယောက်ျားကလေးအချိုး (%) | ၉၆.၁ | ၉၂.၆ |
| ၃.၁(ခ) အလယ်တန်းနှင့် အထက်တန်းပညာရေးတွင် မိန်းကလေးနှင့် ယောက်ျားကလေးအချိုး | ၁၀၂.၅ | ၉၅.၆ |
| ၃.၂ လယ်ယာမဟုတ်သော အခြားကဏ္ဍများ၌ လုပ်ခရ အလုပ်အကိုင်တွင် အမျိုးသမီးများ၏ ပါဝင်မှုအချိုး (%) | ၄၁.၃ | ၄၄.၇ |